MOIC-MO-A/00030

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန (MOIC)
အမျိုးသားညီညွတ်ရေးအစိုးရ (NUG)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒါရိုက်တာ ခန့်အပ်ခြင်း

ရက်စွဲ။ ၁၈ ရက်နေ့၊ မေ လ၊ ၂၀၂၁ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦး၏ လုပ်ပိုင်ခွင့်ဖြင့် Mr. Aphu Doe အား ဝန်ကြီးဌာန(MOIC)၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒါရိုက်တာအဖြစ် ခန့်အပ်လိုက်ပါသည်။

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန (MOIC-HC) သည် မြန်မာနိုင်ငံသားများအတွက် ကယ်ဆယ်ရေးအကူအညီများ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပံ့ပိုးပေးရန် လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန ၊ အခြားဝန်ကြီးဌာနများ၊ နိုင်ငံတကာအစိုးရများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် လိုအပ်သည့်နေရာများတွင် ပူးပေါင်းဆောင်ရွက်ရမည်။

MR. APHU DOE သည် Pre-Med graduate ၊ CDM တက်ကြွလှုပ်ရှားသူနှင့် GEN-Z တစ်ဦးဖြစ်ပြီး ရဲရင့်သောမြန်မာပြည်သူများအကြားတွင် ခုခံကာကွယ်ပေးသော ခေါင်းဆောင်တစ်ဦးဖြစ်သည့်အပြင် တစ်နိုင်ငံလုံးရှိ အခြား CDM ပါဝင်သူများ၊ စစ်ဘေးရှောင်စခန်းများ (IDPs) နှင့် ဒုက္ခသည်များအတွက် အစားအစာနှင့် အခြေခံလိုအပ်ချက်များရရှိနိုင်ရန်ကူညီပေးခဲ့သည်။ ၂၀၂၀ ခုနှစ် COVID ကာကွယ်ရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းအဖြစ် ဆေးခန်းနှင့်ဓာတ်ခွဲခန်းများစွာအတွက် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာပြည်သူများကို တတ်နိုင်သည့်ဖက်က ကူညီရန်နှလုံးသားရှိသူ ဖြစ်ပါသည်။

MR. APHU DOE အား ကျွန်ုပ်တို့အဖွဲ့မှ ဝမ်းမြောက်စွာကြိုဆိုပါသည်။ သင်နဲ့အတူ ရဲရင့်သောမြန်မာပြည်သူများအားလုံး အတူတကွနိုင်ရမည်။

ဒေါက်တာဆာဆာ

ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
ပြောရေးဆိုခွင့်ရှိသူ၊ အမျိုးသားညီညွတ်ရေးအစိုးရ